# ကရင်နီပြည်နယ် ကြားကာလလွှတ်တော်

# ကရင်နီပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ

## (ကရင်နီပြည်နယ် ကြားကာလလွှတ်တော် ဥပဒေ အမှတ် ၃/၂၀၂၄)

## (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)

## (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ကရင်နီပြည်နယ် ကြားကာလလွှတ်တော်သည် ကရင်နီပြည်နယ်၊ ကြားကာလအစီအမံနှင့်အညီ ဤကရင်နီပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကရင်နီပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ ကရင်နီပြည်နယ်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကရင်နီပြည်နယ်တစ်ဝန်းလုံး** ဆိုသည်မှာ ကရင်နီပြည်နယ် ကြားကာလအစီအမံ ပုဒ်မ ၁၄ တွင် ဖော်ပြထားသော နယ်မြေသတ်မှတ်ချက်ကို ဆိုသည်။

(ခ) **ကြားကာလအစီအမံ** ဆိုသည်မှာ ကရင်နီပြည်နယ် ကြားကာလအစီအမံကို ဆိုသည်။

(ဂ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ကြားကာလအစီအမံအရ ဖွဲ့စည်းသော ကရင်နီပြည်နယ် ကြားကာလလွှတ်တော်ကို ဆိုသည်။

(ဃ) **သဘာပတိ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

( င) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

( စ) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော် သက်တမ်းတစ်ရပ်၏ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ်ကို ဆိုသည်။

(ဆ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ကရင်နီပြည်နယ် ကြားကာလအစီအမံအရ ဖွဲ့စည်းထားသော ကရင်နီပြည်နယ် ကြားကာလလွှတ်တော်တွင် ပါဝင်ဆောင်ရွက် နေသော လွှတ်တော်ကိုယ်စားလှယ်များကို ဆိုသည်။

( ဇ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၂၁ အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများနှင့်အဖွဲ့များကို ဆိုသည်။

( ဈ) **ပြည်နယ်အဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ကြားကာလအစီအမံအရ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၊ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ် တရားရုံးချုပ် တို့နှင့် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့ကို ဆိုသည်။

(ည) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ ကရင်နီပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ဆိုသည်။

( ဋ) **လွှတ်တော်ရုံး** ဆိုသည်မှာ ကရင်နီပြည်နယ် ကြားကာလလွှတ်တော်၏ ရုံးလုပ်ငန်း နှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံး ကိုဆိုသည်။

( ဌ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထား သောရုံးကို ဆိုသည်။

(ဍ) **လွှတ်တော်အစည်းအဝေးအတွင်း** ဆိုသည်မှာ လွှတ်တော်က မြေပြင်တွင် ခန်းမအတွင်း၌ ကျင်းပပြုလုပ်သော အစည်းအဝေး သို့မဟုတ် အီလက်ထရောနစ် နည်းပညာဖြင့် ကျင်းပပြုလုပ်သော အစည်းအဝေးများကို ဆိုသည်။

## အခန်း (၂)

## ကရင်နီပြည်နယ် ကြားကာလလွှတ်တော်ဖွဲ့စည်းခြင်း

### လွှတ်တော်ဖွဲ့စည်းခြင်း

၃။ ကရင်နီပြည်နယ် ကြားကာလအတွင်း ဥပဒေပြုနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီတွင် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းထားသော "ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်" အစိတ်အပိုင်း (၁-၂)နှင့် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံများကို လက်ခံသဘောတူ၍ ပူးပေါင်းဆောင်ရွက်သည့် အပြင် အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုနှင့် လုံးဝပူးပေါင်းဆောင်ရွက်ခြင်းမပြုသော ကရင်နီပြည်နယ်၏ ကြားကာလအစီအမံ၊ ပုဒ်မ ၄၁ ပါ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကရင်နီပြည်နယ် ကြားကာလလွှတ်တော်ကို စုပေါင်းဖွဲ့စည်းသည်။

### သက်တမ်း

၄။ ကရင်နီပြည်နယ် ကြားကာလလွှတ်တော်၏ သက်တမ်းသည် ကရင်နီပြည်နယ် ကြားကာလအစီအမံ ပုဒ်မ ၅၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်သည်။

## အခန်း (၃)

## သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိ အဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ် လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

## အခန်း (၄)
## လွှတ်တော်ကိုယ်စားလှယ်များ

**ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း**

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

**တာဝန်များ**

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များနှင့် ကရင်နီပြည်နယ် ကြားကာလအတွင်း ပြဋ္ဌာန်းထားသော ဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) ကရင်နီပြည်နယ်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့တင်သွင်းသော ဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ကရင်နီပြည်နယ်နှင့် ကရင်နီပြည်နယ်သူ၊ ပြည်နယ်သားများ၏ အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) ကရင်နီပြည်နယ်သူ၊ ပြည်နယ်သားများ၏ လူ့အခွင့်အရေးအပြည့်အဝ ရရှိခံစားနိုင်ရေးကို ရှေ့ရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် ကရင်နီပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြားကာလအစီအမံနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များကို လွှတ်တော်သို့တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်း။

**လုပ်ပိုင်ခွင့်များ**

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကရင်နီပြည်နယ် ကြားကာလအစီအမံနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများ မေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့်စပ်လျဥ်း၍ဖြစ်စေ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများနှင့် ယင်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဥ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်ရယူခြင်း၊

(ဃ) ကရင်နီပြည်နယ် ကြားကာလအစီအမံနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးပိုင်ခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်ခံရသူအဖြစ်မှ နုတ်ထွက်ပိုင်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပိုင်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပိုင်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်အစည်းအဝေး ကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

**ကျင့်ဝတ်နှင့် စည်းကမ်းများ**

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည်-

(က) ကရင်နီပြည်နယ် ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

( ခ) ကရင်နီပြည်နယ် ကြားကာလအစီအမံနှင့် မဆန့်ကျင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ကြားကာလအတွင်း ပြဋ္ဌာန်းထားရှိသော ဥပဒေများ၊ နည်းဥပဒေများနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

( ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်သိက္ခာနှင့် လျော်ညီစွာ ပြုမူပြောဆို ဆက်ဆံနေထိုင်ခြင်း၊

( င) လွှတ်တော်ကိုယ်စားလှယ်များသည် ဂျဲန်ဒါအခြေပြု (လိင်ပိုင်းဆိုင်ရာ) အကြမ်းဖက်မှုများအပါအဝင် မည်သည့်အကြမ်းဖက်မှုများကိုမဆို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန် အားပေးကူညီခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

( စ) လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း။

## ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိခြင်း၊

( ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

( ဂ) လွှတ်တော်အစည်းအဝေးနှင့် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက-

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့် ရှိခြင်း၊

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့်လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

( င) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များထံဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း၊

## အခန်း(၅)

## လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

### ရွေးကောက်တင်မြှောက်ခြင်း

၁၃။ ကရင်နီပြည်နယ် လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၁)နှင့် ဒုတိယဥက္ကဋ္ဌ (၂) တို့ကို ရွေးချယ်တင်မြှောက်ရမည်။

၁၄။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တို့၏ နေရာလစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

### တာဝန်ထမ်းဆောင်ခြင်း

၁၅။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန် အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့၏ တာဝန်ကို ထမ်းဆောင်ရမည်။

၁၆။ ဥက္ကဋ္ဌသည် ယင်း၏ တာဝန်ကိုထမ်းဆောင်နိုင်စွမ်း မရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား ဥပဒေနှင့်အညီ တာဝန်မှရပ်သိမ်းရန်ကိစ္စ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း ဥက္ကဋ္ဌတာဝန်ကို ဒုတိယဥက္ကဋ္ဌက ယာယီထမ်းဆောင်ရမည်။

၁၇။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တို့သည် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**တာဝန်မှရပ်စဲခြင်း**

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတို့သည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ရပ်သိမ်းခြင်းကို ခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၁၉။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တို့ကို လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ တာဝန်မှရပ်သိမ်းနိုင်သည်-

(က) ကရင်နီပြည်နယ်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(ခ) ကရင်နီပြည်နယ် ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) အဂတိလိုက်စားခြင်း၊

(င) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်မှုမရှိခြင်း။

## အခန်း(၆)

## လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရပ်စဲခြင်း

၂၀။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) ကရင်နီပြည်နယ်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(ခ) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ဂ) ကရင်နီပြည်နယ် ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဃ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(င) အဂတိလိုက်စားခြင်း၊

(စ) ရာဇဝတ်မှုကျူးလွန်ခြင်း၊

(ဆ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ခိုင်လုံသည့်အကြောင်းပြချက်မရှိဘဲ ကျေပွန်စွာ မဆောင်ရွက်ခြင်း၊

(ဇ) ကရင်နီပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(ဈ) ကွယ်လွန်ခြင်း။

## အခန်း(၇)

## လွှတ်တော်အဖွဲ့အစည်းများ

### ဖွဲ့စည်းခြင်း

၂၁။ လွှတ်တော်သည် ဥပဒေပြုရေးနှင့် အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေး အတွက် လွှတ်တော်ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့်နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ ထိုသို့ ဖွဲ့စည်းရာတွင် လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် သင့်လျော်သည့်နိုင်ငံသားများကို ရွေးချယ်ခန့်အပ်ပြီး အနီးကပ် ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

### အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း

၂၂။ လွှတ်တော်သည် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၃။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌ ကို တာဝန်ခံရမည်

## အခန်း(၈)

## လွှတ်တော်အစည်းအဝေးများ

### ပုံမှန်အစည်းအဝေးများ

၂၄။ လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့် နေ့မှ (၁၅)ရက်အတွင်း ကျင်းပရမည်။

၂၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေး များကျင်းပရန် လိုအပ်မည့်အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၂၆။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ကြားကာလ အစီအမံပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပ ရမည်။

၂၇။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံး(၂)ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် (၆)လထက် မပိုစေရ။

၂၈။ (က) ဥက္ကဋ္ဌသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

**အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ**

၂၉။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၃၀။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အစည်းအဝေးပြုလုပ်လိုကြောင်း ညှိနှိုင်းအကြောင်းကြားလျှင် လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကို ဖြစ်စေ ခေါ်ယူကျင်းပရမည်။

၃၁။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် ထက်ဝက်ကျော်ကတောင်းဆိုလျှင် လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

**အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း**

၃၂။ လွှတ်တော်အစည်းအဝေးများကို လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် နေ့ရက်နှင့်အချိန်တို့တွင် ကျင်းပရမည်။

၃၃။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၇၅)ရာခိုင်နှုန်း တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

**အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များ**

၃၄။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်-

(က) ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ က ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

( ခ) ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

( ဂ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

( င) ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ကြားကာလ အစီအမံနှင့် ဆန့်ကျင်မှုမရှိသော တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း လွှတ်တော်ကဆောင်ရွက်ရမည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း၊

( စ) လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

( ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊

( ဈ) ဥက္ကဋ္ဌကခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၃၅။ လွှတ်တော်၏ အဆုံးအဖြတ်ယူရမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ယူရမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

( ခ) လွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်၊

( ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

**မဲခွဲဆုံးဖြတ်ခြင်း**

၃၆။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ -

(က) လွှတ်တော်အစည်းအဝေး၏ အရေးကြီးဆုံးဖြတ်ချက်များကို အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်များ၏ (၇၅)ရာခိုင်နှုန်း ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) လွှတ်တော်အစည်းအဝေး၏ သာမန်ဆုံးဖြတ်ချက်များကို အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၃၇။ ပုဒ်မ ၃၆ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဒုတိယ ဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၃၈။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိ အပါအဝင် လွှတ်တော်ကိုယ်စားလှယ် အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

**လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်**

၃၉။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့များ၏ အစည်းအဝေးများ၊ လွှတ်တော်ကို ကိုယ်စားပြု၍ ပြောဆိုဆွေးနွေးသည့် ကိစ္စရပ်များတွင် ဆွေးနွေးပြောဆိုရာ၌ ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဂ္ဂိုလ်ရေးအရ ထိခိုက်ပြောဆိုခြင်း၊ အခြားဘာသာ သာသနာနှင့်လူမျိုးစုတို့ကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက် ပုတ်ခတ်ပြောဆိုခြင်း၊ ကရင်နီပြည်နယ်သားများ၏ ညီညွတ်ရေးကို ထိခိုက်စေရန်ပြောဆိုခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းများမှအပ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၄၀။ လွှတ်တော်ကိုယ်စားလှယ်များသည် ပုဒ်မ ၃၉ အရ တင်ပြဆွေးနွေးခြင်းများနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၁။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ကြားကာလအစီအမံ အရ ဖွဲ့စည်းသည့် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင် များ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် လွှတ်တော်ရေးရာကော်မတီအဖွဲ့ဝင်များသည် ပုဒ်မ ၃၉ အရ တင်ပြဆွေးနွေးခြင်းများနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

၄၂။ ပုဒ်မ ၄၁ အရ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

၄၃။ ပုဒ်မ ၃၉ နှင့် ၄၁ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ကြားကာလအစီအမံနှင့် ဆန့်ကျင်မှုမရှိသော တည်ဆဲဥပဒေများအရ လည်းကောင်း အရေးယူခြင်းခံရမည်။

**ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၏ တင်ပြခွင့်**

၄၄။ ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်ရှိသည်။

**ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ကတိသစ္စာပြုခြင်း**

၄၅။ လွှတ်တော်သည် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ် တို့အား လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

**အခန်း(၉)**

**ဥပဒေပြုခြင်း**

**ဥပဒေပြုခွင့်**

၄၆။ လွှတ်တော်သည် ကြားကာလအစီအမံ ပုဒ်မ ၅၆ တွင် ဖော်ပြထားသော ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်တစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ ပြည်နယ်တစ်စိတ် တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၄၇။ ကရင်နီပြည်နယ် ကြားကာလအစီအမံ ပုဒ်မ ၄၅ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ဥပဒေတင်သွင်းခွင့်ရှိသော အဖွဲ့အစည်းများသည် ကြားကာလအစီအမံ၏ ပုဒ်မ ၅၆ တွင် ဖော်ပြထားသော ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဥ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့တင်သွင်းခွင့် ရှိသည်။

၄၈။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ယင်းကသာ တင်သွင်းခွင့်ရှိသော ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဥ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည်။

၄၉။ လွှတ်တော်ကိုယ်စားလှယ်များသည် ပုဒ်မ ၄၈ တွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဥ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

**နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များ ထုတ်ပြန်ခွင့်**

၅၀။ လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ-

(က) ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဥ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(ခ) အထက်ပါ ပုဒ်မခွဲ(က)တွင်ပါရှိသည့် ကိစ္စရပ်များအနက် နည်းဥပဒေ ထုတ်ပြန်ခြင်း နှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီးမှ ထုတ်ပြန်ကြေညာရမည်။

(ဂ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင် သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(ဃ) အထက်ပါ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ပြည်နယ်အဆင့်အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များမှ ထုတ်ပြန်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရာတွင် ထုတ်ပြန်သည့်နေ့မှစ၍ လွှတ်တော်သို့ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၅၁။ ဥပဒေတစ်ရပ်က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဥ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ကရင်နီ ပြည်နယ် ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း ညီညွတ်မှုရှိရမည်။

၅၂။ လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေအရပြုသော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန် အစည်းအဝေးကာလတွင် ဥက္ကဋ္ဌကခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

၅၃။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပုဒ်မ ၅၂ အရ ဖြန့်ဝေသောနေ့ရက်မှ ရက်ပေါင်း (၆၀) အတွင်း လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

၅၄။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်စေခြင်း မရှိစေရ။

## အခန်း(၁၀)

## ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၊ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် ကရင်နီပြည်နယ် ကြားကာလတရားစီရင်ရေးတို့နှင့် ကရင်နီပြည်နယ် ကြားကာလလွှတ်တော် ဆက်သွယ်ရေး

၅၅။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း ကရင်နီပြည် အတိုင်ပင်ခံကောင်စီ ဥက္ကဋ္ဌ အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် လိုအပ်သည်များကို စီစဉ် ဆောင်ရွက်ပေးရမည်။

၅၆။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က အဆိုပြုလျှင် ဥက္ကဋ္ဌသည် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၅၇။ လွှတ်တော်သည် ကရင်နီပြည်အတွက် လိုအပ်သည့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းရန်ရှိပါက ကရင်နီပြည်နယ် ကြားကာလတရားစီရင်ရေးနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်သည်။

၅၈။ လွှတ်တော်သည် လွှတ်တော်၏လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လိုအပ်ပါက သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများအား ခေါ်ယူမေးမြန်းခြင်းနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

## အခန်း(၁၁)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၅၉။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းဝေးအတွင်းသို့ မဝင်ရ၊

( ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးအတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတစ်ပါး အယောင်ဆောင်၍ ဝင်ရောက်ခြင်း မပြုရ၊

၆၀။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက်မပိုသော ဒဏ်ငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်မှ ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ၊

( ခ) လွှတ်တော်ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေး တာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ၊

( ဂ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်း မပြုရ၊

(ဃ) လွှတ်တော်မှ လျှို့ဝှက်အဆင့်ဖြန့်ဝေသော စာရွက်စာတမ်းများ၊ လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြားအထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရ၊

( င) လွှတ်တော်အစည်းအဝေးခန်းမအတွင်း၌ ဖြစ်စေ၊ လွှတ်တော်ပရဝဏ်အတွင်း၌ ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက်ယူဆောင်လာခြင်း မပြုရ၊

( စ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လက်နက်ယူဆောင်လာခြင်းမပြုရ။

၆၁။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက် ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်၊

( ခ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၆၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာ အချက်တစ်ခုခုကို မလိုက်နာကြောင်းတွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည်-

(က) သတိပေးခြင်း၊

( ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၆၃။ ဤအခန်းပါ ပုဒ်မ ၆၀ နှင့် ၆၁ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း(၁၂)

## အထွေထွေ

၆၄။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများမှအပ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၆၅။ လွှတ်တော်သည် ကြားကာလအစီအမံ ဥပဒေပြုစာရင်းပါ ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်သောဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၆၆။ လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို အချင်းချင်းအပြန်အလှန် ထိန်းကျောင်းကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၆၇။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်များရုံးနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန်ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်ကိုရေးဆွဲပြုစုပြီး ကြားကာလအုပ်ချုပ်ရေးကောင်စီမှတဆင့် သက်ဆိုင်ရာသို့ပေးပို့ရမည်။

၆၈။ လွှတ်တော်သည် လိုအပ်သောမြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်များရုံးကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၆၉။ လွှတ်တော်ကိုယ်စားလှယ်များရုံးကို လွှတ်တော်ကတာဝန်ယူဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ ဖွင့်လှစ်နိုင်သည်။

၇၀။ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော်ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၇၁။ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍတို့နှင့်စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒများကို ဖော်ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အာဏာပိုင်များအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်အား အသိပေးဆောင်ရွက်ရမည်။

၇၂။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၇၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ကရင်နီပြည်နယ် ကြားကာလအစီအမံအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ခူဦးရယ်
ဥက္ကဋ္ဌ
ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ